၁၉၅၃ ခုနှစ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၃။]

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၂၀ အရ၊ ပြည်ထောင်စု၊ နိုင်ငံဝန်ထမ်းများခန့်ထားရေးနှင့်စပ်လျဉ်း၍၊ ပြည်ထောင်စုနိုင်ငံအစိုးရ ကိုကူညီရန်ရင်း၊ ရာထမ်း မှထမ်းဆိုင်ရာ စည်းကမ်းသေဝပ်မှုကိစ္စများတွင် အကြံဉာဏ်ပေးရန်ရင်း၊ ဝေးဥပဒေပြဋ္ဌာန်း၍ ရာထူးဝန်အဖွဲ့ကိုထားရှိရန်လိုအပ်သည့်ပြင်၊ ထို ရာထူးဝန်အဖွဲ့ကိုဖွဲ့စည်းခြင်း၊ ထိုအဖွဲ့၏အာဏာနှင့်အလုပ်ဝတ်တရားများ၊ထို့ပြင် ထို အဖွဲ့ဝင်တို့၏ ရာထူးအလုပ်ဆိုင်ရာစည်းကမ်းချက်များကို၊ ပါလီမန်၏အက်ဥပဒေဖြင့် ပြဋ္ဌာန်းရန်လိုအပ်သည်ဖြစ်သောကြောင့်၊ အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်း လိုက်သည်။

အခန်း ၁။

စကားချီး။

၁။ ။(ဝ) ဤအက်ဥပဒေကို၊ ၁၉၅၃ ခုနှစ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက်ဥပဒေဟု ခေါ်ရမည်။

အမည်နှင့် စတင်အာဏာ တည်သည့်နေ့ရက်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ က၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ သတ်မှတ်သည့်နေ့ ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

အဓိပ္ပါယ်ဖော်ပြချက်။

(က) ''အဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၄ အရ ဖွဲ့စည်းထားသည့် ရာထူးဝန် အဖွဲ့ကိုဆိုလိုသည်။

(ခ) ''အစိုးရ'' ဆိုသည်မှာ၊ ပြည်ထောင်စုနိုင်ငံအစိုးရအဖွဲ့ကိုဆိုလိုသည်။

(ဂ) ''ရာထူးဝန်'' ဆိုသည်မှာ၊ ရာထူးဝန်အဖွဲ့ဝင်ရာထူးဝန်ကိုဆိုလို သည့်ပြင်၊ ထိုအဖွဲ့ဥက္ကဋ္ဌ မပါဝင်ကြောင်း အတည့်အလင်းဖော်ပြ ထားခြင်းမရှိလျှင်၊ ထိုအဖွဲ့ဥက္ကဋ္ဌပါဝင်သည်။

(ဃ) ''နိုင်ငံဝန်ထမ်းအဖွဲ့များ'' ဆိုသည်တွင်၊ ကုန်းတပ်၊ ရေတပ်နှင့် လေ တပ်များမှတပါး အခြားပြည်ထောင်စုအစိုးရ အမှုထမ်းအားလုံး ပါဝင်သည်။

၃။ ။(၁) အခြားနည်းဖြင့် အတည့်အလင်း ပြဋ္ဌာန်းထားသည်မဟုတ်လျှင်၊ ဤအက်ဥပဒေသည် အောက်တွင်ဖော်ပြထားသည့် ပုဂ္ဂိုလ် တို့နှင့် မသက်ဆိုင်စေရ။

အက်ဥပဒေနှင့် မသက်ဆိုင် သောပုဂ္ဂိုလ်များ။

(က) နိုင်ငံတော် တရားဝန်ကြီးချုပ်၊ တရားလွှတ်တော်ချုပ် တရားဝန်ကြီးများ၊ တရားလွှတ်တော် တရားဝန်ကြီး ချုပ်နှင့် တရားလွှတ်တော် တရားဝန်ကြီးများ။

(ခ) နိုင်ငံတော်ရှေ့နေချုပ်နှင့်အခြားဥပဒေအရာရှိများ။
(ဂ) နိုင်ငံတော်စာရင်းစစ်ချုပ်။
(ဃ) ဘဏ္ဍာတော်မင်းကြီးများ။
(င) နိုင်ငံခြားဝန်ထမ်းအဖွဲ့ခွဲ (က) ဆိုင်ရာ ပဌမတန်းနှင့် ဒုတိယတန်းအရာရှိများ။
(စ) အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လူကြီးများ။
(ဆ) အမွေထိန်းဝန်၊ လွှဲအပ်ပစ္စည်းစီမံရေးဝန်၊ လူမွဲပိုင် ပစ္စည်းထိန်းဝန်နှင့် ပစ္စည်းထိန်းဝန်။
(ဇ) နိုင်ငံတော်သမတ၏အပါးတော် ရာထမ်း မှုထမ်းများ။
(ဈ) ပြည်ထောင်စုပါလီမန်အရာရှိများ။
(ည) ပြည်ထောင်စုစစ်ရဲ။
(ဋ) သူကောင်းဖြစ် ရာထမ်း မှုထမ်းများ။
(ဌ) အခများကို၊ သို့တည်းမဟုတ် စရိတ်များကို၊ သို့တည်းမဟုတ် ဥာဏ်ပူဇော်ခကိုသာရရိသူများ။
(ဍ) ဝန်ကြီးများ၏အတွင်းရေးအတွင်းဝန်များ။
(ဎ) နိုင်ငံတော်သမတ က၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်စေရဟု အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသည့်အရာရှိများ၊ သို့တည်းမဟုတ် အရာရှိအတန်းအစား၊ သို့တည်းမဟုတ် အမှုထမ်း၊ သို့တည်းမဟုတ် အမှုထမ်းအတန်းအစား။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ က၊ ချင်းဝိသေသတိုင်းနှင့် သက်ဆိုင်ရမည်ဟု သီးခြားအမိန့်ကြော်ငြာစာထုတ်ပြန်၍ကျေညာခြင်းမပြုလျှင် ထိုတိုင်းနှင့်မသက်ဆိုင်စေရ။

အခန်း ၂။

ရာထူးဝန်အဖွဲ့ ဖွဲ့စည်းပုံနှင့် ရာထူးဝန်များ၏ ရာထူးအလုပ်ဆိုင်ရာစည်းကမ်းချက်များ။

ရာထူးဝန်အဖွဲ့ ဖွဲ့စည်းပုံနှင့် ရာထူးသက်ဟမ်း။

၄။ ။(၁) နိုင်ငံတော်သမတ က၊ ခန့်ထားသည့် ဥက္ကဋ္ဌနှင့် အခြားနှစ်ဦးအောက်မနည်း လေးဦးထက်မပိုသည့် ရာထူးဝန်များပါဝင်သော ရာထူးဝန်အဖွဲ့တခုရှိရမည်။ သို့ရာတွင် ထိုရာထူးဝန်များအနက် အနည်းဆုံးတဦးသည်၊ မိမိအားခန့်ထားသည့်နေ့ရက်၌ အမှုထမ်းရွက်ခြင်းမှအငြိမ်းစားယူဦးဖြစ်ရမည့်ပြင်၊ အငြိမ်းစားမယူဒီက ရွေးချယ်ခံအဆင့်အတန်းတွင်ဖြစ်စေ၊ နိုင်ငံဝန်ထမ်းအဖွဲ့တခုခုတွင် အလားတူ ရာထူးအဆင့်အတန်းတွင်ဖြစ်စေ၊ အမြဲတန်းရာထူး၌ အနည်းဆုံးငါးနှစ်ထမ်းရွက်ခဲ့ဘူးသူလည်းဖြစ်ရမည်။

(၂) ရာထူးဝန်သည်၊ မိမိ၏ရာထူးကို လက်ခံသည့်နေ့ရက်မှစ၍ ငါးနှစ်ပြည့်သည်အထိ၊ သို့တည်းမဟုတ် မိမိအသက်ခြောက်ဆယ့်ငါးနှစ် ပြည့်သည်အထိ၊

ထိုရာထူးသက်တမ်းနှစ်ရပ်အနက် အလျင်ပြည့်ရာသက်တမ်းအထိသာ ရာထူးတွင်ထမ်းရွက်ရမည်။

သို့ရာတွင် ရာထူးဝန်သည်—

(က) နိုင်ငံတော်သမတ ထံကိုယ်တိုင်လက်မှတ်ရေးထိုးသည့် နုတ်ထွက်စာတင်သွင်း၍ နုတ်ထွက်လျှင်သော်၎င်း၊ သို့တည်းမဟုတ်

(ခ) ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရာထူးမှ နုတ်ပယ်ခြင်းခံရလျှင်သော်၎င်း

ရာထူးမှရပ်စဲရမည်။

(၃) ရာထူးဝန်မှာ၊မိမိ၏ရာထူးသက်တမ်းစေ့ကုန်သည့်အခါ၊ ထိုရာထူးတွင်မြန်လည်ခန့်ထားခံနိုင်ခွင့်ရှိစေရမည်။ သို့သော်လည်း ရာထူးဝန်သည်၊မိမိရာထူးမှရပ်စဲသောအခါ၊ ပြည်ထောင်စုနိုင်ငံ၏၊သို့တည်းမဟုတ် ပြည်နယ်များ၏အစိုးရလက်အောက်တွင်ဂနာက်ထပ်ရာထူးယူနိုင်ခွင့်မရှိစေရ။

၅။ ။ရာထူးဝန်ယဦးဦးသည်—

အရည်အချင်းမျက်ယွင်းခြင်း

(က) မိမိ၏တာဝန်ဝတ်တရားများကိုထာဝစဉ်မစွမ်းမဆောင်နိုင်လျှင်၊ သို့တည်းမဟုတ်

(ခ) လူမွဲအဖြစ် ဆုံးဖြတ်ကျေညာခြင်း ခံရလျှင်၊ သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်လျှင်၊ သို့တည်းမဟုတ်

(ဃ) ရာထူးထမ်းရွက်နေဆဲကာလအတွင်း၊ မိမိ၏ရာထူးနှင့်သက်ဆိုင်သော တာဝန်ဝတ်တရားများမှအပ၊ အခြားလစာရ အလုပ်တခုခုကို လုပ်ကိုင်လျှင်၊သို့တည်းမဟုတ်

(င) တရားဥပဒေအရ ဖွဲ့စည်းထားသည့်ကုမ္ပဏီ၏အဖွဲ့ဝင်အဖြစ်ဖြင့် အခြားအဖွဲ့ဝင်များနည်းတူ၊ အကျိုးခံစားရသူအဖြစ်မှတပါး၊ အစိုးရကဖြစ်စေ၊အစိုးရအတွက်ဖြစ်စေ၊ ပြုလုပ်သည့်ပဋိညာဉ်၊ သို့တည်းမဟုတ် သဘောတူစာချုပ် တခုခုတွင် တနည်းနည်းဖြင့် ပတ်သက်သူ၊ သို့တည်းမဟုတ် အကျိုးသက်ဆိုင်သူဖြစ်လျှင်၊သို့တည်းမဟုတ် ဖြစ်လာလျှင်၊သို့တည်းမဟုတ် ထိုပဋိညာဉ်၊သို့တည်းမဟုတ် ထိုသဘောတူစာချုပ်နှင့် ဖြစ်ပွါးသည့် အကျိုးအမြတ်အစွန်းများတွင် ဖြစ်စေ၊ လစာစရိတ်ကြေးငွေတွင်ဖြစ်စေ၊ တနည်းနည်းဖြင့်ဝါဝင် ခံစားလျှင်၊ သို့တည်းမဟုတ်

(စ) စိတ်ပေါ့သွပ်သည့်၊ သို့တည်းမဟုတ် မစွမ်းမသန်သည့်အကြောင်းကြောင့်ရာထူးတွင်ဆက်လက်ထမ်းရွက်ရန်မသင့်လျော်ဟု နိုင်ငံတော်သမတ ကယင်မြင်လျှင်၊ သို့တည်းမဟုတ်

(ဆ) မိမိ၏ ရာထူးအဆင့်အတန်းနှင့် မသင့်မလျော်သော အပြုအမူကို ပြုမူသည်ဟု နိုင်ငံတော်သမတ ကထင်မြင်လျှင်

ထိုရာထူးဝန်ကို နိုင်ငံတော်သမတ ကရာထူးမှနုတ်ပယ်ရမည်။

၆။ ။ပြည်ထောင်စု နိုင်ငံဝန်ထမ်းအဖွဲ့ဝင်ဖြစ်သောမည်သည့်အရာရှိကိုမဆို၊ ရာထူးဝန်အဖြစ်ခန့်ထားလျှင်၊ ထိုအရာရှိ၏ လက်ရှိအခွင့်အရေးအားလုံးနှင့်ရရှိမည့်အခွင့်အရေးအားလုံးကိုသတ်မှတ်ရန်ကိစ္စအလို့ငှါ၊ ထိုရာထူးဝန်အဖြစ်ဖြင့်အမှုထမ်းရွက်ခြင်းသည်၊ပြည်ထောင်စုနိုင်ငံဝန်ထမ်းအဖွဲ့တွင်အမှုထမ်းရွက်ခြင်းဖြစ်သည်ဟုယူဆရမည်။

ရာထူးဝန်အဖြစ်ခန့်ထားခြင်းခံရသည့် နိုင်ငံဝန်ထမ်း၏အခွင့်အရေး။

၇။ ။(၁) ဥက္ကဋ္ဌမကျန်းမာလျှင်သော်ငှင်း၊ ရာထူးမှ ခေတ္တချထားခြင်းခံရလျှင်သော်ငှင်း၊ အခွင့်ယူသဖြင့်အလုပ်ခွင်တွင် မရှိလျှင်သော်ငှင်း၊ နိုင်ငံတော်သမတ သည်၊ ထိုဥက္ကဋ္ဌမကျန်းမာသည့် အတွင်းတွင်ဖြစ်စေ၊ ရာထူးမှခေတ္တချထားခြင်းခံရသည့်အတွင်းတွင်ဖြစ်စေ၊ယင်းသို့ အလုပ်ခွင်တွင်မရှိသည့်အတွင်းတွင်ဖြစ်စေ၊ အခြားရာထူးဝန်များထဲမှ တဦးဦးကို ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် ခန့်ထားရမည်။

ဥက္ကဋ္ဌနှင့် ရာထူးဝန် ခေတ္တခန့်ထားခြင်း။

(၂) ရာထူးဝန်တဦးဦး မကျန်းမာလျှင်သော်ငှင်း၊ ရာထူးမှခေတ္တချထားခြင်းခံရလျှင်သော်ငှင်း၊ အခွင့်ယူသဖြင့် အလုပ်ခွင်တွင်မရှိလျှင်သော်ငှင်း၊ နိုင်ငံတော်သမတ သည်၊ ထိုရာထူးဝန်မကျန်းမာသည့်အ တွင်းတွင်ဖြစ်စေ၊ ရာထူးမှခေတ္တချထားခြင်းခံရသည့်အတွင်းတွင်ဖြစ်စေ၊ ယင်းသို့ အလုပ်ခွင်တွင်မရှိသည့်အတွင်းတွင်ဖြစ်စေ၊ တဦးတယောက်သောသူကို ရာထူးဝန်အဖြစ်ဆောင်ရွက်ရန် ခန့်ထားနိုင်သည်။

၈။ ။ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ရာထူးဝန်အဖွဲ့သည် နိုင်ငံတော်သမတ၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍၊ မိမိတို့လိုက်နာရမည့်နည်းလမ်းများနှင့်အဖွဲ့က ဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်ရန်စည်းမျဉ်းဥပဒေများ ပြုလုပ်နိုင်သည်။

လိုက်နာရန် နည်းလမ်းများနှင့်အဖွဲ့၏လုပ်ငန်းများ။

၉။ ။ဤအက်ဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်ကိစ္စအတွက် မည်သည့်ရာထူးဝန်ကိုမျှ တရားမမှုဖြစ်စေ၊ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ ကစ္စဆိုရ။

တရားစွဲဆိုခြင်းကို တားမြစ်ခြင်း။

၁၀။ ။ဥက္ကဋ္ဌနှင့် အခြားရာထူးဝန်များသည်၊ ဤအက်ဥပဒေအရ ပြုလုပ်ထားသည့်နည်းဥပဒေများတွင်သတ်မှတ်ထားသောလစာ၊ စရိတ်ကြေးငွေမှတပါး အခြားမည်သည့် လစာ၊ စရိတ်ကြေးငွေ၊ သို့တည်းမဟုတ် စရိတ်ငွေများကိုမျှမရရှိစေရ။

လစာနှင့်စရိတ်ကြေးငွေ။

၁၁။ ။ရာထူးဝန်တဦးသည်—

ရာထူးလစ်လပ်ခြင်း။

(က) ရာထူးသက်တမ်းစေ့ကုန်သော်၊

(ခ) သေဆုံးသော်၊

(ဂ) ရာထူးမှနုတ်ပယ်ခြင်းခံရသော်၊

(ဃ) နိုင်ငံတော်သမတ ထံသို့ ကိုယ်တိုင်လက်မှတ်ရေးထိုး၍ နုတ်ထွက်စာတင်သွင်းခြင်းအားဖြင့်ရာထူးမှနုတ်ထွက်သော်၊

(င) အခွင့်အာဏာရှိသူက ပေးသည့်ခွင့်ပြုချက်နှင့်မှတပါး၊ တာဝန်ဝတ်တရားဆောင်ရွက်ရန် ၁၄ ရက်တဆက်တည်း မလာမရောက်ဘဲနေခဲ့သော်၊ သို့တည်းမဟုတ် မည်သည့် ဆယ့်နှစ်လအတွင်းမဆို ရက်ပေါင်း ၂၈ ရက်မျှမလာမရောက်ဘဲနေခဲ့သော်

ထိုရာထူးဝန်၏နေရာသည် ထိုအခါလစ်လပ်သည်ဟုမှတ်ယူရမည်။

အခန်း ၃။

အာဏာများနှင့်အလုပ်ဝတ်တရားများ။

၁၂။ ။(၁) နိုင်ငံဝန်ထမ်းအဖွဲ့များနှင့် မြို့ပြဆိုင်ရာ ရာထူးများတွင် ခန့်ထားရန် နည်းလမ်းများနှင့်ဝင်း၊ ထိုသို့ခန့်ထားရာ၌လိုက်နာရမည့်မူများနှင့်ဝင်း၊ စပ်လျဉ်းသည့်ကိစ္စအရပ်ရပ်တွင် သက်ဆိုင်ရာအာဏာပိုင်များသည် အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ရမည်။

အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ခြင်း။

(၂) နိုင်ငံဝန်ထမ်းအဖွဲ့ အောက်ကန်းရာထူးနှင့် အထက်တန်းရာထူးများတွင် ခန့်ထားမည့်သူများနှင့်ပတ်သက်၍၊ သင့်တော်သည် မသင့်တော်သည်ကို သက်ဆိုင်ရာအာဏာပိုင်များသည် အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ရမည်။

သို့ရာတွင် ခြောက်လထက်မပိုသော ကာလအပိုင်းအခြားအတွက် ခေတ္တခန့်ထားခြင်းဖြစ်လျှင်၊ ရာထူးဝန်အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ရန် မလိုအပ်စေရ။

၁၃။ ။အဖွဲ့မှာ နိုင်ငံဝန်ထမ်း အောက်တန်းရာထူးနှင့် အထက်တန်းရာထူးများတွင် ခန့်ထားရန်အတွက် စာမေးပွဲများ ကျင်းပရန် တာဝန်ရှိစေရမည်။

စာမေးပွဲကျင်းပခြင်း။

၁၄။ ။အမှုထမ်းများအား နိုင်ငံဝန်ထမ်း အောက်တန်းရာထူးမှ အထက်တန်းရာထူးသို့ဝင်း၊ အထက်တန်းရာထူးမှရွှေးချယ်ခံအဆင့်အတန်းသို့ဝင်း၊ အမြဲတန်းရာထူးတိုးမြှင့်ပေးရန်ဖြစ်စေ၊ ဝန်ထမ်းတဖွဲ့မှ အခြားဝန်ထမ်းတဖွဲ့သို့ အမြဲတန်းရွှေ့ပြောင်းပေးရန်ဖြစ်စေ၊ သင့်တော်သည် မသင့်တော်သည်ကို သက်ဆိုင်ရာအာဏာပိုင်များသည် အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ရမည်။

ရာထူးတိုးမြှင့်ခြင်း၊ ရွှေ့ပြောင်းခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ခြင်း။

သို့ရာတွင် ခြောက်လထက်မပိုသည့်လစ်လပ်သောနေရာသို့ခေတ္တရာထူးတိုးမြှင့်ပေးလျှင်သော်ဝင်း၊ ခေတ္တရွှေ့ပြောင်းပေးလျှင်သော်ဝင်း၊ ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ရန် မလိုအပ်စေရ။

၁၅။ ။အဖွဲ့မှာယေဘုယျအားဖြင့် ဝန်ထမ်းအဖွဲ့များနှင့်စပ်လျဉ်းသည့်စည်းကမ်းသေဝပ်မှုကိစ္စများတွင် အစိုးရအား အကြံဉာဏ်ပေးရမည့် တာဝန်ရှိသည်။

အကြံဉာဏ်ပေးရမည့် တာဝန်။

စည်းကမ်းသတ်မှတ်နှင့် စပ်လျဉ်း၍ အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ခြင်း။

၁၆။ ။ဤအက်ဥပဒေအရ၊လိုအပ်သည့်အတိုင်း အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ပြီးနောက် ခန့်ထားသည့်၊ သို့တည်းမဟုတ် ရာထူးတိုးမြှင့်ပေးသည့် အစိုးရအမှုထမ်းနှင့် သက်ဆိုင်သောစည်းကမ်းသတ်မှတ်မှုကိစ္စ အရပ်ရပ် '(ငငိုသူထံမှငင်းကိစ္စနှင့်စပ်လျဉ်းသည့် အသနားခံလွှာများ၊ သို့တည်းမဟုတ် လျှောက်လွှာများပါဝင်သည်)' နှင့် စပ်လျဉ်း၍ အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ရမည်။ ယင်းသို့သော သူတဦးတယောက်ကို အဖွဲ့နှင့် ကြိုတင်မတိုင်ပင်ဘဲရာထူးမှ အမြဲထုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် ရာထူးမှ နုတ်ဖယ်ခြင်း၊ သို့တည်းမဟုတ် ရာထူးလျှော့ချခြင်းမပြုရ။

<u>ရှင်းလင်းချက် ၁။</u> ။(က) အစမ်းခန့်ထားသည့် ကာလအမိုင်းအခြားအတွင်း အစမ်းခန့်ထားသူအား၊ ရာထူးမှ ထွက်စေခြင်းသည်၊ သို့တည်းမဟုတ်

(ခ) ပဋိညာဉ်စာချုပ်ဖြင့် မဟုတ်ဘဲ၊ အခြားနည်းဖြင့် ယာယီရာထူးတွင်ခန့်ထားသူအား၊ ခန့်ထားသည့်ကာလအပိုင်းအခြားကုန်ဆုံးပျက် ရာထူးမှ ထွက်စေခြင်းသည်၊ သို့တည်းမဟုတ်

(ဂ) ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ခန့်ထားသူအား၊ ရာထူးမှ ထွက်စေခြင်းသည်

ဤပုဒ်မ၏အဓိပ္ပါယ်သဘောအရ ရာထူးမှအမြဲထုတ်ပယ်သည်ဟု၊ သို့တည်းမဟုတ် ရာထူးမှ နုတ်ပယ်သည်ဟု မမှတ်ယူရ။

<u>ရှင်းလင်းချက် ၂။</u> ။မိမိရာထူးထက်မြင့်သော ရာထူးတွင် ခေတ္တ ဝင်ရောက်ထမ်းရွက်နေသည့် အစိုးရအမှုထမ်းတဦးသည် မိမိ၏ အမြဲတန်းရာထူးသို့လျှောကျခြင်းမှာ၊ ဤပုဒ်မ၏အဓိပ္ပါယ်သဘောအရ အဆင့်အတန်းလျှောကျသည်ဟုမမှတ်ယူရ။

တရားစရိတ်။

၁၇။ ။မြို့ပြဧရိယာဝန်ထမ်းအဖြစ်ဖြင့် အစိုးရအမှုထမ်းရွက်နေသူ၊ သို့တည်းမဟုတ် ထမ်းရွက်ခဲ့သူကဖြစ်စေ၊ ထမ်းရွက်နေသူ၊ သို့တည်းမဟုတ် ထမ်းရွက်ခဲ့သူအတွက်ဖြစ်စေ၊ မိမိ၏ တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာ၌ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုသည့်သဘောသက်ရောက်သော အပြုအမူများနှင့် စပ်လျဉ်း၍စွဲဆိုသည့် အမှုများတွင် မိမိကုန်ကျငွေ၊ သို့တည်းမဟုတ် ကုန်ကျမည့်စရိတ်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအခွန်တော်ငွေများမှ ထုတ်ပေးရန်တောင်းဆိုသောအခါ၊ ဤထူးဝန်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ရမည်။

အက်ဥပဒေနှင့်သက်ဆိုင်ခြင်း။

၁၈။ ။ဤအက်ဥပဒေ၀ါ ပြဋ္ဌာန်းချက်များသည်၊ အက်ဥပဒေစတင်အာဏာတည်သည့် အချိန်တွင်၊ အစိုးရ အမှုထမ်းရွက်လျက်ရှိသူ အားလုံးနှင့်သက်ဆိုင်ရမည်။ ထိုအမှုထမ်းရွက်သူများကို၊ ဤအက်ဥပဒေနှင့်အညီ အဖွဲ့ကိုညှိနှိုင်းတိုင်ပင်ပြီးမှ နိုင်ငံ၀န်ထမ်းအဖွဲ့တွင်ခန့်ထားသည်ဟု၊ သို့တည်းမဟုတ် အမြဲတန်းရာထူးတိုးမြှင့်ပေးသည်ဟု မှတ်ယူရမည်။

အခန်း. ၄။

အရပ်ရပ်။

၁၉။ ။အဖွဲ့သည်၊မိမိဆောင်ရွက်သည့်လုပ်ငန်းနှင့်စပ်လျဉ်း၍၊နိုင်ငံတော်သမတထံ နှစ်စဉ်အစီရင်ခံစာတင်သွင်းရမည်။

အစီရင်ခံစာ။

၂၁။ ။နိုင်ငံတော် သမတ သည်၊ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များအကျိုးသက်ရောက်စေရန်၊ နည်းဥပဒေများပြုနိုင်သည်။ အထူးသဖြင့် ထိုနည်းဥပဒေများသည် အောက်ပါတို့ကို ပြဋ္ဌာန်းနိုင်သည်။

နည်းဥပဒေပြဋ္ဌာန်းခြင်း။

(က) ရာထူးဝန်များ၏ လစာသတ်မှတ်ခြင်း။

(ခ) ရာထူးဝန်များအား၊အခွင့်ပေးခြင်း။

(ဂ) ရာထူးဝန်များအား၊ ပင်ရှင်လစာငွေ၊ သို့တည်းမဟုတ် အထူးဆုငွေပေးခြင်း။

(ဃ) ရာထူးဝန်များအား၊ ခရီးစရိတ်ပေးခြင်း။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၂၄၊ တရားရေးဝန်ကြီးဌာန၊ ၁၅-၅-၅၃—၂,၀၀၀—၂။